KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

ဒီဇင်ဘာလ ၁၉ရက်, ၂၀၂၃ခုနှစ် /KHRG စာအမှတ် - 23-218-I1

# မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရွာသားနှစ်ဦးထိခိုက်ဒဏ်ရာရ (၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မူတြော်(ဖာပွန်)ခရိုင်၊ ဘူးသိုမြို့နယ်တွင် ဖြစ်ပွားခဲ့သည့်မြေမြှုပ်မိုင်းပေါက်ကွဲမှုအကြောင်းကို ဖော်ပြထားသည်။ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့ မနက် (၉)နာရီတွင် မယ်ကလောရွာအုပ်စု၊ ဟ---ကျေးရွာတွင်နေထိုင်သော စောပ--- (၅၅နှစ်) နှင့် နော်ယ--- (၃၂နှစ်)တို့သည် ဝါးသွားခုတ်သည့်အချိန်တွင် မြေမြှုပ်မိုင်းများကို နင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် စောပ---၏ညာဖက်ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ပြီး နော်ယ---၏ခြေထောက်နှစ်ဖက်စလုံးတွင်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသည့် ၎င်းတို့နှစ်ဦး၏ခြေထောက်များကို ဖြတ်တောက်ခဲ့ရသည်။ ထိုရွာသားနှစ်ဦးသည် ဆေးရုံနှစ်လုံးတွင် ဆေးကုသမှုခံယူခဲ့သည်။ အဆိုပါမြေမြှုပ်မိုင်းထိမှန်သည့်ရွာသားနှစ်ဦးကို မည်သည့်အဖွဲ့အစည်းမှ ကူညီထောက်ပံ့မှုပေးခြင်းမရှိခဲ့ပေ။ သို့သော်လည်း ဟ---ရွာသားများသည် ထိုရွာသားနှစ်ဦးကို စားစရာနှင့်ဆေးဖိုးဝါးခအတွက် အကူအညီတစ်ချို့ပေးခဲ့ပါသည်။ စောပ---နှင့် နော်ယ---တို့သည် မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းတို့၏မိသားစုစားဝတ်နေရေးအတွက် ကူညီထောက်ပံ့ရန် အခက်အခဲစိန်ခေါ်မှုများနှင့်ကြုံတွေ့နေရပါသည်။ ဒေသအတွင်း မြေမြှုပ်မိုင်းတည်ရှိနေမှုကြောင့် ဟ---ကျေးရွာတွင် နေထိုင်ကြသောရွာသားများအတွက် အကြောက်တရားများဖြစ်ပေါ်စေပါသည်။* [1]

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေမြှုပ်မိုင်းပေါက်ကွဲမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့ မနက် (၉)နာရီ |

[1] ဤအစီရင်ခံစာသည် ၂၀၂၃ခုနှစ်၊ ဇူလိုင်လတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| | |
|---|---|
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဟ---ကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | |
|---|---|---|
| **အမည်** | စောပ--- | နော်ယ--- |
| **အသက်** | ၅၅နှစ် | ၃၂နှစ် |
| **ကျား/မ** | ကျား | မ |
| **လူမျိုး** | ကရင် | ကရင် |
| **မိသားစုရှိ/မရှိ** | အိမ်ထောင်သည် | အိမ်ထောင်သည် |
| **အလုပ်အကိုင်** | ခြံလုပ်ငန်း | အဝတ်လျှော်ပေးပြီး အသက်မွေးဝမ်းကျောင်းပြုသူ |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား | ရွာသား |
| **နေရပ် ရွာအမည်** | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလော ကျေးရွာအုပ်စု၊ ဟ---ကျေးရွာ | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလော ကျေးရွာအုပ်စု၊ ဟ---ကျေးရွာ |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| မသိရှိရ | မသိရှိရ | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်ရင်း အမှတ် (၁၅) | ဒွယ်လိုးမြို့နယ်နှင့် လူသောမြို့နယ် | မသိရှိရ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ဤဖြစ်စဉ်နှင့်ပတ်သက်၍ KHRG သတင်းစုဆောင်းသူတစ်ဦးသည် ရွာသားတစ်ဦးထံမှ ကြားသိရှိခဲ့ရသည်။ ထိုရွာသားသည် မြေမြှုပ်မိုင်းထိမှန်ခဲ့သည့်ရွာသားနှစ်ဦးနှင့်အတူ တစ်ရွာတည်းတွင်နေထိုင်သူတစ်ဦးဖြစ်ပြီး ဆေးကုသမှုခံယူနေသောရွာသားနှစ်ဦးကို ဆေးရုံသို့သွား၍ ကူညီအားပေးခဲ့သူလည်းဖြစ်သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| ဤသတင်းအချက်အလက်အား မျှဝေပြောပြသူသည် (အင်တာဗျူးခံရသည့်ရွာသား) မြေမြှုပ်မိုင်းထိမှန်သည့် ရွာသား |

နှစ်ဦးကို ဆေးရုံသို့သွားတွေ့ဆုံ၍ ၎င်းတို့၏သက်သေခံချက်များကို ကိုယ်တိုင်ကြားသိရှိခဲ့ပြီးနောက် ဤအစီရင်ခံစာတွင် ရေးသားထားသည့်သတင်းအကြောင်းအရာများ တိကျမှန်ကန်အောင် ရှင်းလင်းပြောပြခဲ့သည်။

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့ မနက်(၉)နာရီတွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဟ---ကျေးရွာမှ ရွာသားနှစ်ဦးသည် ၎င်းတို့၏လယ်ယာမြေကိုခြံစည်းရိုးခတ်ရန်အတွက် ဝါးသွားခုတ်ခဲ့သည်။ ထိုရွာသားနှစ်ဦး သည် အဖေနှင့်သမီးဖြစ်ကြသည်။ ဝါးခုတ်သည့်နေရာသို့ရောက်သောအခါ စောပ--- (၅၅နှစ်)သည် မြေမြှုပ်မိုင်းတစ်လုံး ကိုနင်းမိခဲ့ပြီး ၎င်း၏ညာဖက်ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ (၎င်း၏ညာခြေထောက်ကို ဖြတ်တောက်ခဲ့ရသည်။) စောပ---၏သမီးဖြစ်သူ နော်ယ--- (၃၂နှစ်)သည် ဒဏ်ရာရရှိနေသည့်သူမ၏ဖခင်ကို သွားရောက်ကူညီမည့်အချိန်တွင် အခြားမြေမြှုပ်မိုင်းတစ်လုံးကို နင်းမိခဲ့ပြန်သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သူမ၏ခြေထောက်နှစ်ဖက်စလုံးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ခြေထောက်နှစ်ဖက်စလုံးကို ဖြတ်တောက်ခဲ့ရသည်။<br><br>ဟ---ရွာသားများသည် ပေါက်ကွဲမှုအသံကို ကြားခဲ့ရပြီးနောက် မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ကြောင်း သိရှိခဲ့ရသည်။ ထို့နောက် ဟ---ရွာသားများသည် အနီးအနားရှိအခြားရွာသားများနှင့် ထိုဒေသတွင်တာဝန်ကျသည့် ကရင်အမျိုးသား အစည်းအရုံး (KNU) ဒေသခံခေါင်းဆောင်များကို ဆက်သွယ်အကြောင်းကြားခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုအသံကို ကြားရပြီးနောက် ဒေသခံ KNU ခေါင်းဆောင်များနှင့် ဟ---ရွာမှအချို့ရွာသားများသည် အခင်းဖြစ်ပွားသည့်နေရာသို့ (ကျေးရွာအနီး) သွား၍ ဒဏ်ရာရရှိနေသည့်ရွာသားနှစ်ဦးကို ကျေးရွာသို့ပြန်ခေါ်ဆောင်လာခဲ့သည်။ ထို့နောက် ဒဏ်ရာရရှိသည့်ရွာသားနှစ်ဦးကို ကားဖြင့်တင်ဆောင်၍ ဖာပွန်မြို့ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ စီမံခန့်ခွဲသောဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ SAC ကျန်းမာရေးဝန်ထမ်းများသည် ဒဏ်ရာရရှိသည့်ရွာသားနှစ်ဦးကို ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလိုသည့်ဆန္ဒများမရှိကြောင်း ဒဏ်ရာရရှိသည့်ရွာသားတစ်ဦးမှ ပြောပြခဲ့သည်။ အကြောင်းမှာ ထိုရွာသားနှစ်ဦးသည် SAC ထောင်ထားသည့်မြေမြှုပ်မိုင်းကိုနင်းမိခဲ့ခြင်းမဟုတ်သောကြောင့်ဖြစ်သည်။ ကောင်းမွန်သည့်ကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန်အတွက် ဟ---ရွာသားများသည် အချင်းချင်းတိုင်ပင်ဆွေးနွေးပြီး SAC ကျန်းမာရေးဝန်ထမ်းများအား ကြက်၊ စားစရာနှင့်အခြားလိုအပ်သည့်အရာများကိုပေးရန်သဘောတူညီခဲ့သည်။ (ထိုမှတဆင့် SAC ကျန်းမာရေးဝန်ထမ်းများသည် ဒဏ်ရာရရှိသည့်ရွာသားနှစ်ဦးအား စားစရာနှင့်လိုအပ်သည့်အရာများ ရရှိရန် သေချာစောင့်ကြည့်ပေးရမည်ဖြစ်သည်။)<br><br>စောပ---နှင့်နော်ယ---နင်းမိခဲ့သည့်မြေမြှုပ်မိုင်းများသည် KNLA တပ်ရင်းအမှတ် (၁၅)မှ စစ်သားများ ထောင်ထားခဲ့သော မိုင်းများဖြစ်ကြောင်း ဟ---ရွာသားများက ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် ယခင်က KNLA သည် ဒေသအတွင်း မြေမြှုပ်မိုင်းများထောင်ထားသည့်အကြောင်းကို တစ်ချို့ရွာသားများအား အသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်သည်။ KNLA စစ်သားများအနေဖြင့် ဒေသတစ်ဝိုက်တွင် မြေမြှုပ်မိုင်းများမထောင်ခင်ချိန် တစ်ပတ်အလိုတွင် အချို့သောရွာသားများကို အသိပေးအကြောင်းကြားခဲ့သည်။ ၎င်းတို့ထောင်ထားသည့်မြေမြှုပ်မိုင်းများ၏တည်နေရာသည် စောပ---နှင့်နော်ယ---တို့မှ မြေမြှုပ်မိုင်းနင်းမိခဲ့သည့်နေရာလည်းပါဝင်ပါသည်။ ထို့ပြင် ဒေသအတွင်းမြေမြှုပ်မိုင်းတည် |

ရှိမှုကိုသိရှိစေရန်အတွက် KNLA အနေဖြင့် နီးစပ်ရာကျေးရွာများမှ ရွာသားများကိုအသိပေးရန် ဒွယ်လိုးမြို့နယ်၊ မာထော ကျေးရွာအုပ်စုရှိ အ---ရွာသားများအား ခိုင်းစေခဲ့သည်။ မြေမြှုပ်မိုင်းအခင်းဖြစ်ပွားသည့်နေရာသည် SAC ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၁၉)နှင့် (၆၄၂)တပ်ရင်းများ အခြေစိုက်သည့်တပ်စခန်းနှင့်လည်း နီးစပ်သည်။ ဒဏ်ရာရရှိသည့် ရွာသားနှစ်ဦးအပါအဝင် ဟ---ရွာသားများသည် မြေမြှုပ်မိုင်းအန္တရာယ်အသိပညာပေးသင်တန်းကို တစ်ခါမှ မတက်ဖူး ကြပါ။ (ထိုဒေသတွင် မြေမြှုပ်မိုင်းအန္တရာယ်အသိပညာပေးသင်တန်းများကို ဦးဆောင်ပို့ချပေးသော အဖွဲ့အစည်းသည် ဌာနေမဲ့ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ (CIDKP) ဖြစ်သည်။)

မြေမြှုပ်မိုင်းနင်းမိခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့်စောပ---နှင့်နော်ယ---သည် မည်သည့်အဖွဲ့အစည်းထံမှ ကူညီထောက်ပံ့မှုမရရှိခဲ့ပေ။ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ စတုတ္ထမြောက်အပတ်၌ ဖာပွန်မြို့ရှိ SAC စီမံခန့်ခွဲသည့်ဆေးရုံတွင် ဆေးကုသမှုတစ်ပတ်ခံယူပြီးနောက် စောပ---နှင့်နော်ယ---တို့ကို မြို့တစ်မြို့မှ (အမည်မသိရှိ)အခြားဆေးရုံသို့ ပို့ဆောင်ခဲ့ပြန်သည်။ (ဖာပွန်မြို့ရှိ)ဆေးရုံတွင် စောပ---နှင့်နော်ယ---တို့ကို လာရောက်တွေ့ဆုံပြီး မေးမြန်းကြသည့်ရွာသားများရှိနေသည့်အတွက် ၎င်းတို့နှစ်ဦးကို ဆက်သွယ်မေးမြန်းရန် အဆင်မပြေခဲ့ပါ။

(ဒေသခံရွာသားတစ်ဦးမှ ပြောပြချက်အရ) စောပ---နှင့်နော်ယ---တို့သည် ဆေးရုံမှဆင်းလာခဲ့ပြီးဖြစ်သော်လည်း ၎င်းတို့အနေဖြင့် မည်သည့်ကူညီထောက်ပံ့မှုများ လက်ခံရရှိခြင်းမရှိခဲ့ပေ။ ၂၀၂၁ခုနှစ် စစ်တပ်အာဏာမသိမ်းမီအချိန်တွင် စောပ---သည် နေ့စားအလုပ်ဖြင့် ၎င်း၏မိသားစုစားဝတ်နေရေးအတွက် ရှာဖွေထောက်ပံ့ပေးသူဖြစ်ပြီး နော်ယ---သည် ဆေးရုံများနှင့်အခြားအိမ်များတွင် အဝတ်လိုက်လျှော်ပေး၍ အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦးဖြစ်သည်။ ယခုအချိန်တွင် စောပ---နှင့်နော်ယ---တို့အနေဖြင့် ၎င်းတို့ခြေထောက်များကို ဖြတ်တောက်ခဲ့ရပြီး အလုပ်မလုပ်နိုင်တော့သည့်အတွက်ကြောင့် စားဝတ်နေရေးအတွက် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ဒေသတစ်ဝိုက်အတွင်း မြေမြှုပ်မိုင်းများတည်ရှိနေမှုကြောင့် ဟ---ကျေးရွာတွင် နေထိုင်ကြသည့်ရွာသားများသည် ၎င်းတို့လယ်ယာခြံထဲသို့ အလုပ်သွားလုပ်ကိုင်ရန်ပင် ကြောက်ရွံ့နေကြရသည်။ ဤကဲ့သို့ရွာသားနှစ်ဦးမှ မြေမြှုပ်မိုင်းများအားနင်းမိပြီး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သောကြောင့် ယခုအချိန်တွင် ရွာသားများကြား၌ အကြောက်တရားများ ပို၍တိုးလာခဲ့သည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

**ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။**

ဆေးရုံသို့သွား၍ မြေမြှုပ်မိုင်းထိမှန်သည့်ရွာသားနှစ်ဦးကို တွေ့ဆုံခဲ့သော ရွာသားတစ်ဦးသည် အဆိုပါရွာသားနှစ်ဦးထံမှ ခွင့်ပြုချက်ရယူခဲ့ပြီး ဤသတင်းအချက်အလက်များအား ရေးသားဖြန့်ဝေရန် ခွင့်ပြုချက်ပေးထားပါသည်။ ဆေးရုံ၌ဆေးကုသမှုခံယူနေသည့်ရွာသားနှစ်ဦးကိုတွေ့ဆုံခဲ့သော ရွာသားတစ်ဦးကို KHRG သတင်းစုဆောင်းသူမှ အင်တာဗျူးခဲ့ပါသည်။



အထက်ပါပုံနှစ်ပုံတွင် စောပ---နှင့်နော်ယ---တို့ပုံဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် အဖေနှင့်သမီးများဖြစ်ကြသည်။ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် ၎င်းတို့နှစ်ဦးသည် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဟ---ကျေးရွာအနီးတစ်နေရာတွင် မြေမြှုပ်မိုင်းများကိုနင်းမိ၍ ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။